Media Release

# uab bank မှ ၎င်း၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် မြန်မာတစ်ဝှမ်းတွင် ဆန်အိတ်ပေါင်း ၃၀,၀၀၀ ကျော် လှူဒါန်း

**ရန်ကုန်၊ ၁၆ရက် ဩဂုတ်လ ၂၀၂၀** - Euromoney မှ ၂၀၁၉ နှင့် ၂၀၂၀ နှစ်နှစ်ဆက်တိုက် "မြန်မာနိုင်ငံ၏အကောင်းဆုံးဘဏ်" အဖြစ်သတ်မှတ်ခြင်းခံရသော uab bank သည် ၁၀နှစ်ပြည့် နှစ်ပတ်လည် အနေဖြင့် ယနေ့ မြန်မာကျပ်သိန်း ၁၀၀၀ကျော်တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၃၀,၀၀၀ ကျော်ကို မြန်မာနိုင်ငံတဝှမ်းရှိ uab ဘဏ်ခွဲတိုင်းမှာ လိုအပ်နေသော ပြည်သူများအတွက် လှူဒါန်းခဲ့ပါသည်။

ဤအလှူဒါနကိုပိုပြီး အထမြောက်စေရန် မကွေးတိုင်းရှိ ကုန်စောင်းကျေးရွာမှ လယ်သမားများဆီထံမှ ပိုမိုကောင်းမွန်သော ဈေးနှုန်းဖြင့် ဆန်ကို တိုက်ရိုက်ဝယ်ယူခြင်းဖြင့် ကြားခံမလိုအပ်သော ကုန်ကျစရိတ်များကို လျှော့ကျစေခဲ့ပါသည်။ uab bank ၏ စီမံခန့်ခွဲမှုအသင်းသည် ဆန်ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို လေ့လာခဲ့ပြီး လယ်သမားများ၏ ဓာတ်လမ်းများကိုနားထောင်ခြင်းဖြင့် အတူတကွ အချိန်ဖြုတ်သန်းခဲ့ကြပါသည်။

Mr.Christopher Loh, uab ဘဏ်၏ MD နှင့် CEO သည်

"uab ဘဏ်က ပြောင်းလဲမှုကို ဦးဆောင်ပြီး လူသားချင်းစာနာမှုရှိတဲ့ ဘဏ်လုပ်ငန်းတစ်ခုဖြစ်အောင် ဦးတည်ပြီးလုပ်ဆောင်နေပါတယ်ဆိုတာ ယုံကြည်ပါတယ်။ ၂၀၁၇ ဒီဇင်ဘာလမှာ Be The Change Myanmar အစီအစဉ်ကိုစတင်ခဲ့ပြီး ဒီနှစ်မှာတော့ ၁၀နှစ်ပြည့်ကိုကျင်းပရင်း မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်ကိုဆောက်တည်ပေးနိုင်အောင် uab ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပါတယ်။

မကွေးတိုင်းမှာရှိတဲ့ ကုန်စောင်းကျေးရွာကိုသွားခဲ့တဲ့ခရီးစဉ်ဟာ အရမ်းအဓိပ္ပာယ်ရှိတဲ့ ခရီးတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့စားဖို့ဒီဆန်တွေဖြစ်လာအောင် လယ်သမားတွေရဲ့ သွေးနဲ့ချွေးရင်းပြီး ဘယ်လိုလုပ်ကိုင်နေရတယ်ဆိုတာက မျက်မြင်ကိုယ်တွေ့တွေ့ရှိခဲ့ရပါတယ်။ တစ်နေ့ကို နေပူထဲမှာ ၈ နာရီလောက်အလုပ်လုပ်ပြီး သူတို့ရဲ့မိသားစုနဲ့ ကလေးတွေကို လုပ်ကိုင်ကျွေးမွေးရပါတယ်။ ကျွန်တော်တို့အဖွဲ့ နဲ့ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုလယ်သမားတွေရဲ့ဘဝတွေကိုဘယ်လို အထောက်အကူဖြစ်အောင်၊ မြန်မာနိုင်ငံရဲ့ လူသားချင်းစာနာမှုရှိတဲ့ဘဏ်တစ်ခုဖြစ်အောင် ဘယ်လိုပိုပြီး လုပ်ကိုင်နိုင်မလဲဆိုတာ စဉ်းစားစရာတွေ များလာပါတယ်။" ဟုပြောကြားခဲ့ပါသည်။

ဤအလှူသည် uab ဘဏ်၏ ၁၀နှစ်ပြည့်အထိမ်းအမှတ်ဖြင့် တည်ထောင်ထားသော uab ဖောင်ဒေးရှင်းအစီအစဉ်အောက်မှ ပြုလုပ်သွားခြင်းဖြစ်ပါသည်။ uab ဖောင်ဒေးရှင်းတည်ထောင်ပြီးပြီဖြစ်သဖြင့် **Be The Change** အစီအစဉ်ဟာလည်း ဖောင်ဒေးရှင်းလက်အောက်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ အမျိုးသမီး၊ လူငယ်နှင့် အသိုင်းအဝန်းများကို ဆက်လက်၍ ကူညီထောက်ပံ့သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ နေရာပေါင်း ၈၅ နေရာ၊ ဘဏ်ခွဲ ၇၈ခုနှင့် အသစ်ဖွင့်လှစ်မည့် ဘဏ်ခွဲ ၇ခုတို့တွင် uabian စုစုပေါင်း ၂၀၀၀ ခန့်သည် မြို့နယ်မှာ တာဝန်ရှိလူကြီးများအကူအညီဖြင့် လိုအပ်နေသော အခြေခံလူတန်းစားများကို ဆန်အိတ်များဝေမျှသွားမည်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံဖြစ်လာအောင် ကြိုးပမ်းအားထုတ်မှုနဲ့ပတ်သက်ပြီး Christopher က

“ပြီးခဲ့တဲ့ ၁၀နှစ်ကစလို့ ကျွန်တော်တို့ uab အနေနဲ့ မြန်မာနိုင်ငံ အနှံ့ uab ဘဏ်ဝန်ဆောင်မှုများ၊ products များကို အခြေခံအုတ်မြစ်ကောင်းကောင်းနဲ့ တိုးချဲ့ဖြန့်ကျက်ခဲ့ပါတယ်။ ကျွန်တော်တို့ chairmanအနေနဲ့လည်း ပြီးခဲ့တဲ့ ၃နှစ်ကစပြီး uab ကို အရင်ကထက် ပိုမိုခေတ်မီဆန်းသစ်တဲ့ စနစ်ကျကောင်းမွန်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်း အသွင်သို့ အသစ်တဖန် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၉၊၂၀၂၀ ခုနှစ်များတွင် ပွင့်သစ်စ အစီရင်ခံစာ မှ “ပွင့်လင်းမြင်သာမှုအရှိဆုံးဘဏ်”၊ Euromoney မှလည်း “မြန်မာနိုင်ငံ၏အကောင်းဆုံးဘဏ်”အဖြစ် (၂)နှစ်ဆက်တိုက် သတ်မှတ်ခံခဲ့ရခြင်းများအရ ကျွန်တော်တို့ရဲ့ အခုလို ကြိုးစားအောင်မြင်မှုတွေကို တွေ့နိုင်ပါတယ်။ ဒါကတော့ uab ဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ အကောင်းဆုံးဘဏ်နဲ့ brandတစ်ခုဖြစ်လာအောင် ဘယ်လိုပြောင်းလဲတိုးတက်လာလဲဆိုတာကို မြင်သာစေနိုင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အခုလို အောင်မြင်မှုများ အတွက် သုံးစွဲသူများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်ရှိပြီး ခိုင်မာတည်မြဲတဲ့ ပြောင်းလဲမှုတစ်ခု ယူဆောင်လာနိုင်ရန် uab အနေနဲ့ အားလုံးနှင့်အတူတူရှေ့လျှောက်လက်တွဲ ဆောင်ရွက်သွားရန် မျှော်လင့်ပါတယ်။” ဟုထပ်မံပြောကြားခဲ့ပါသည်။

***#LeadingChange #HumanisingBanking***
***#Euromoney #MyanmarBestBank***
***#uabbank #10thAnniversary***

**uab bank အကြောင်း**

**uab bank** သည် မြန်မာနိုင်ငံဈေးကွက်ကိုဦးဆောင်နေသည့် ဘဏ်တစ်ခု ဖြစ်ပါသည်။ ပြောင်းလဲလာသော စည်းမျဉ်းစည်းကမ်းများနှင့် နည်းစနစ်တို့အကြား မြန်မာ့ ဘဏ်လုပ်ငန်း ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှု၊ ဦးဆောင်မှုများဖြင့် အသိမှတ်ပြုခံရခြင်းတို့သည် **uab bank** အား **'Myanmar's Best Bank'** အဖြစ် Euromoney မှလည်းကောင်း၊ **'Mid-sized Domestic Retail Bank of the Year'** အဖြစ် Asian Banking & Finance မှလည်းကောင်း၊ **Corporate Governance Disclosure** တွင် နံပါတ် (၁) ဖြင့် Myanmar Centre for Responsible Business မှ စီရင်တင်ပြခဲ့သည့် ပွင့်သစ်စ (TiME) အစီရင်ခံစာ မှလည်းကောင်း အသီးသီး သတ်မှတ်ချီးမြှောက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်တွင် ဘဏ်ခွဲပေါင်း ၇၈ ဘဏ်ထိ တိုးချဲ့၍ customer များ ၏ လိုအပ်ချက်နဲ့အညီ Consumer Banking၊ Premier Banking၊ SME Banking၊ Corporate Banking၊ Trade Finance နှင့် Treasure Services စသည့် အဓိကကျသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအား စနစ်တကျလက်ခံ ဆောင်ရွက် ပေးလျက်ရှိပါသည်။ **uab** ၏ လုပ်ငန်း အခွဲဖြစ်သည့် **uab securities** မှတဆင့်လည်း Brokerage Services၊ Corporate and Financial Advisory၊ Investment Banking နှင့် Capital Market ဆိုင်ရာဝန်ဆောင်မှုများအား လက်ခံဆောင်ရွက်ပေးလျက်ရှိနေပါသည်။

**uab bank** အနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော် ဖြစ်လာနိုင်စေရန်၊ လူမှုအကျိုးစီးပွားကို အလေးထားသော ဘဏ်လုပ်ငန်းတစ်ခုအနေဖြင့် တစ်ဦးနှင့်တစ်ဦးကြား ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လူနေမှုဘဝများ ပိုမိုတိုးတက်စေဖို့အတွက် အထောက်အပံ့များ ပေးနိုင်ရမည်ဟု ယုံကြည်ထားပါသည်။ ပိုမိုကောင်းမွန်သည့် မြန်မာနိုင်ငံအား ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလတွင် **"Be The Change Myanmar"** ၏ ပဏာမခြေလှမ်းအား စတင်ခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ်များအား အကျိုးပြုသည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ခဲ့ပါသည်။ **uab bank** အနေဖြင့် အနာဂတ်တွင်လည်း ကျွန်ုပ်တို့နေထိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တာဝန်သိမှုအပြည့်ဖြင့် အကျိုးပြုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားနိုင်လိမ့် မည် ဟုလည်း ယုံကြည်မိပါသည်။

ပိုမိုသိရှိလိုပါက website: https://www.uab.com.mm/ သို့ ဝင်ရောက်လေ့လာနိုင်ပြီး Media နှင့်ပတ်သက်သည့် မေးခွန်းများအတွက် အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

သင်းလဲ့ရီ @ +95 9 97 416 5852 | thinnleiyee@uab.com.mm